United Nations — Nations Unies

Office for the Coordination of Humanitarian Affairs

# ကမ္ဘာ့လူသားချင်းစာနာမှုဆိုင်ရာနေ့တွင် တစ်ခုတည်းသောလူသားမျိုးနွယ်အဖြစ် အတူတကွ ရပ်တည်ခြင်း

(ရန်ကုန်၊ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၁၉ ရက်): ကမ္ဘာ့လူသားချင်းစာနာမှုဆိုင်ရာနေ့တွင် မြန်မာနိုင်ငံရှိ လူသားချင်းစာနာမှုဆိုင်ရာလုပ်ငန်းများဆောင်ရွက်နေသူအားလုံးမှ မြန်မာနိုင်ငံနှင့် ကမ္ဘာတစ်ဝှမ်း၌ လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ လိုအပ်နေသူများနှင့်အတူ တစ်စိတ်တစ်ဝမ်းတည်း ရပ်တည်ရန်အတွက် တိုက်တွန်းပြောကြားခဲ့ပါသည်။

"ယနေ့ကမ္ဘာကြီးတွင် ဒုတိယကမ္ဘာစစ်ပြီးချိန်ကတည်းက မတွေ့၊ မမြင်ခဲ့ရသည့် အတိဒုက္ခများကို ပြင်းထန်သည့် ပမာဏ အတိုင်းအတာဖြင့် လူသားများ ခံစားနေကြရပါသည်။ မြန်မာနိုင်ငံတွင် သိန်းပေါင်းများစွာသော လူများမှာ ဘေးဒုက္ခကြောင့် ထိခိုက် ခံစားရလျက်ရှိပြီး၊ ရေဘေးနှင့် ပဋိပက္ခကြောင့် လူပေါင်းများစွာမှာ နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများတွင် သော်လည်းကောင်း၊ လက်ခံမိသားစုများနှင့်သော်လည်းကောင်း နေထိုင်ကြရလျက်ရှိပါသည်။ ကမ္ဘာ့လူသားချင်းစာနာမှုဆိုင်ရာနေ့မှာ တစ်ခုတည်းသော လူသားမျိုးနွယ်အဖြစ် အတူတကွရပ်တည်ရန်နှင့် မြန်မာနိုင်ငံတွင် ရင်ဆိုင်နေရသည့် လူသားချင်းစာနာမှုဆိုင်ရာ စိန်ခေါ်မှုများ၏ ပမာဏကို ပြန်လည်သုံးသပ်ရန်အတွက် အခွင့်အခါကောင်းပင်ဖြစ်ပါသည်။ ထို့အတူ မည်သူ တစ်ဦးတစ်ယောက်မျှ နောက်ကျန်ရစ်မှုမရှိစေရန်အတွက် ကျွန်မတို့အနေဖြင့် ဆောင်ရွက်ရန် လိုအပ်ပါသည်" ဟု မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ဌာနေနှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး မစ္စ ရီနာတာ ဒက်စလီယန်မှ ပြောခဲ့ပါသည်။

၂၀၁၆ခုနှစ် ကမ္ဘာ့လူသားချင်းစာနာမှုဆိုင်ရာနေ့သည် လူသားချင်းစာနာဆောင်ရွက်မှုသမိုင်းတွင် အထင်ကရဖြစ်သော အီစတန်ဘူးလ်မြို့၌ ၂၀၁၆ခုနှစ် မေလ၌ ပြုလုပ်ခဲ့သည့် ကမ္ဘာ့လူသားချင်းစာနာမှုဆိုင်ရာ ထိပ်သီးညီလာခံကြီး နောက်ကျင်းပခြင်းလည်းဖြစ်ပါသည်။ ထိပ်သီးညီလာခံကြီးတွင်ပါဝင်ခဲ့သူများသည် လူသားမျိုးနွယ်အတွက် လုပ်ငန်းစဉ်အသစ်ကို အားပေးထောက်ခံကြောင်းကြေငြာခဲ့ကြပြီး၊ ပဋိပက္ခများအတွင်း ရှင်သန်နေထိုင်နေရသူများအတွက် ပိုမိုကောင်းမွန်သော အခြေအနေများဖြစ်လာရေးဆောင်ရွက်ပေးရန် တစ်ညီတစ်ညွတ်တည်း ကတိကဝတ်ပြုခဲ့ကြပါသည်။ ဤကဲ့သို့ လုပ်ဆောင်ရာတွင် ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံခြင်းကို တိုးတက်အောင်ဆောင်ရွက်ခြင်း၊ လူသားချင်းစာနာမှုတုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများတွင် ဒေသတွင်းအဖွဲ့အစည်းများနှင့် ပိုမိုကောင်းမွန်စွာ ပေါင်းစပ် ဆောင်ရွက်ခြင်းတို့ပါဝင်ပါသည်။

"ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းမှ လာမည့်လတွင် ကျင်းပမည့် ကုလသမဂ္ဂအထွေထွေ ညီလာခံကြီး၌ ကမ္ဘာ့လူသားချင်းစာနာမှုဆိုင်ရာထိပ်သီးညီလာခံကြီးတွင် ချမှတ်ခဲ့သည့် ကတိကဝတ်များနှင့်စပ်လျဉ်းပြီး ဆက်လက်ဆောင်ရွက်ရမည့်အဆင့်များကို စီစဉ်ဖော်ပြထားသော အဓိကကျသည့်အစီရင်ခံစာကို တင်သွင်းသွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ ထိခိုက်လွယ်သည့်အခြေအနေရှိသူများ၏ ဘဝများတိုးတက်စေရန် ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာမှအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတော်အစိုးရတို့ အတူတကွလက်တွဲ၍ အဆိုပါကတိကဝတ်များကို လက်တွေ့အကောင်အထည်ဖော် လုပ်ဆောင်သွားမည်ဟု ကျွန်မတို့အနေဖြင့် မျှော်လင့်ပါကြောင်း" မြန်မာနိုင်ငံရှိ ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့၏ ညွှန်ကြားရေးမှူးဖြစ်သူ ဒေါ်ပန်စီ ထွန်းသိန်းမှ ပြောခဲ့ပါသည်။

"မြန်မာနိုင်ငံတွင် နိုင်ငံ၊ ဒေသအခြေအနေနှင့် ကိုက်ညီအောင်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းသည့် ဆွေးနွေးမှုများမှာ အင်အားကောင်းလျက်ရှိပြီး၊ မြန်မာနိုင်ငံတွင် လုပ်ငန်းများဆောင်ရွက်နေသော နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် အဆိုပါနည်းဥပဒေသအတိုင်း ဆောင်ရွက်လျက်ရှိသည်မှာ ကာလအတိုင်းအတာတစ်ခုအထိရှိပြီဖြစ်ပါသည်။ ရပ်ရွာလူထုအတွင်း

The mission of the United Nations Office for the Coordination of Humanitarian Affairs (OCHA) is to mobilize and coordinate effective and principled humanitarian action in partnership with national and international actors.
**Coordination Saves Lives**

နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက်လုပ်ကိုင်နိုင်ခြင်း၊ နိုင်ငံသားဝန်ထမ်းများမှာလည်း ဒေသအခြေအနေကို နက်နက်နဲနဲ နားလည်လျက်၊ လိုက်လျောညီထွေစွာလုပ်ကိုင်နိုင်ခြင်းစသည့် အရည်အသွေးများနှင့် ပြည့်ဝခြင်းတို့ကြောင့် ဒေသတွင်း အဖွဲ့အစည်းများသည် မည်သည့် ဘေးဒုက္ခဖြစ်ရပ်တွင်မဆို ဦးဆုံးနှင့် နောက်ဆုံးအချိန်ထိ တုံ့ပြန်ဆောင်ရွက်သူများ ဖြစ်ကြပါသည်။ ရေကြီး၊ရေလျှံမှုဖြစ်ပွားသည့်အခါ သို့မဟုတ် ပဋိပက္ခများဖြစ်ပွားသည့်အခါတွင် ဒေသတွင်း အဖွဲ့အစည်းများမှာ ကယ်ဆယ်တုံ့ပြန်ရေးလုပ်ငန်းများ၏ ပင်မကျောရိုးသဖွယ်ဖြစ်ပြီး၊ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရန်အတွက် သော်လည်းကောင်း၊ ကယ်ဆယ်ရေးအကူအညီများ ပံ့ပိုးပေးရန်အတွက်သော်လည်းကောင်း လျှင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်ပါသည်။ ဘေးဒုက္ခများအတွင်းရှိ လူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်သည့် အချိန်နှင့်တပြေးညီ၊ ထိရောက်မှုရှိသော လူသားချင်းစာနာမှုတုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများဖြစ်စေရန်အတွက် ဒေသတွင်း အဖွဲ့အစည်းများနှင့် ပိုမိုအနီးကပ်လက်တွဲဆောင်ရွက်ခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်ပါသည်” ဟု ဒေါ်ပန်စီထွန်းသိန်းမှ ပြောခဲ့ပါသည်။

ဩဂုတ်လ ၁၉ ရက်နေ့တွင် နှစ်စဉ်ကျင်းပသည့် ကမ္ဘာ့လူသားချင်းစာနာမှုဆိုင်ရာနေ့သည် ၂၀၀၃ခုနှစ် ဘက်ဂဒက်မြို့ရှိ ကုလသမဂ္ဂရုံးချုပ် ဗုံးခွဲတိုက်ခိုက်ခံရမှုအတွင်း အသက်ဆုံးရှုံးခဲ့ရသူ ၂၂ ဦးအား ဂုဏ်ပြုကျင်းပခြင်းဖြစ်ပါသည်။ ကုလသမဂ္ဂ ဝန်ထမ်းများနှင့် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ဖော်ဆောင်ဖက်များအနေဖြင့် ထိုနေ့တွင် ရန်ကုန်မြို့ဦးစုရုံးလျက် တစ်မိနစ်တာ ငြိမ်သက်စွာဖြင့် လူသားချင်းစာနာမှုဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရင်း အသက်ဆုံးရှုံးခဲ့ရသည့် ၎င်းတို့၏ သူရဲကောင်းလုပ်ဖော်ဆောင်ဖက်များအား သတိရဂုဏ်ပြုကြမည်ဖြစ်ပါသည်။ ထိုသူရဲကောင်းများတွင် ၂၀၁၅ခုနှစ် ဩဂုတ်လ ရေကြီး၊ ရေလျှံမှုဖြစ်ပွားချိန်အတွင်း အသက်ဆုံးရှုံးခဲ့ရသည့် လူသားချင်းစာနာမှုဆိုင်ရာဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်း ၈ ဦးလည်း အပါအဝင်ဖြစ်ပါသည်။

“လူသားချင်းစာနာမှုဆိုင်ရာဝန်ထမ်းများသည် ကြောက်မက်ဖွယ် အန္တရာယ်များနှင့် အခက်အခဲများကို သတ္တိအပြည့်ဖြင့် ရင်ဆိုင်ရင်း အကူအညီအလိုအပ်ဆုံးသူများထံ အကူအညီများရောက်ရှိရေးကို ဆောင်ရွက်လျက်၊ နေ့စဉ် ဘေးအန္တရာယ်များနှင့် ပဋိပက္ခများကြားမှ အသက်များကို ကယ်တင်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ် ရေဘေးအတွင်း အသက်ဆုံးရှုံးခဲ့ကြရသည့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး ဝန်ထမ်းများ၏ မိသားစုများအတွက် ကျွန်မအနေဖြင့် အထူးပင်စာနာ၊ ဝမ်းနည်းမိပါသည်။ မြန်မာနိုင်ငံအနှံ့မှ သန်းဝက်နီးပါးခန့်သော လူများ နေရပ်စွန့်ခွာ တိမ်းရှောင်မှုဖြစ်ပေါ်စေသည့် လက်ရှိဖြစ်ပွားလျက်ရှိသော ရေဘေးတုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ လုပ်ဆောင်ချိန်တွင် အပြည့်အဝ၊ ထင်ရှားစွာ တွေ့မြင်နိုင်သည့် လူသားချင်းစာနာမှု စိတ်ဓာတ်ကို ထိုသူများသည် ထင်ရှားစွာပြသခဲ့ပါသည်” ဟု မစ္စ ရီနာတာ ဒက်စလီယန် မှ ပြောခဲ့ပါသည်။

ကမ္ဘာ့လူသားချင်းစာနာမှုဆိုင်ရာနေ့ နှင့်စပ်လျဉ်း၍ ပိုမိုသိရှိနိုင်ရန်: www.worldhumanitarianday.org


**ပိုမို သိရှိလိုပါက၊ မေးမြန်းလိုပါက ဆက်သွယ်ရန်**

ဖျဲပယ်ရွှန် ၊ ပြန်ကြားဆက်သွယ်ရေးအရာရှိ၊ လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး (မြန်မာ)၊

အီးမေးလ် - peronp@un.org၊ ဖုန်း - (+၉၅) ၉ ၂၅၀ ၁၉၈ ၉၉၇။

www.facebook.com/OCHAMyanmar

@ochamyanmar

Website: www.unocha.org/myanmar



The mission of the United Nations Office for the Coordination of Humanitarian Affairs (OCHA) is to mobilize and coordinate effective and principled humanitarian action in partnership with national and international actors.

**Coordination Saves Lives**